**မီး၊ အင်ဂျင်နီယာနှင့် အမျိုးမျိုးအာမခံဌာနမှ**
**လက်ခံဆောင်ရွက်ပေးသော အာမခံမျိုးအစားများ**

**မီးအာခံ**

နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ဖက်စပ်လုပ်ငန်းများပိုင်၊ ပုဂ္ဂလိကပိုင် အဆောက်အအုံများ၊ စက်ကရိယာ များ၊ ပရိဘောဂများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ မီးလောင်မှုနှင့် အခြားသောဘေးအန္တရာယ် ကြောင့် ပျက်စီးဆုံးရှုံးမှုကို အကာအကွယ်ပေးပါသည်။ အာမခံထားသောပစ္စည်းကို တရားဥပဒေအရ ပိုင်ဆိုင်သူမှ အာမခံထားခွင့်ရှိပါသည်။ တန်ဘိုးသတ်မှတ်ရန် ခက်ခဲသော၊ ပစ္စည်းများကို အာမခံလက်ခံ ခြင်း မပြုပါ။ အာမခံသက်တမ်း ၁၀ ရက်မှ ၁ နှစ်အထိ ထားနိုင်ပါသည်။ အဆောက်အအုံကို အတန်းအစား ၄ မျိုးခွဲ၍ အာမခံထားသည့် အဆောက်အအုံ ပတ်ဝန်းကျင် ၂၅ ပေ သို့မဟုတ် ၅၀ ပေ အကွာတွင်ရှိသည့် အဆောက်အအုံများ၏ အတန်းအစား အသုံးချပုံများကိုပါ စိစစ်၍ သတ်မှတ်ထားသည့် နှုန်းထားဇယားပါ နှုန်းများဖြင့် မီးအာမခံပရီမီယံ တွက်ပါသည်။ မီးအာမခံနှင့်အတူ အောက်တွင် ဖော်ပြထားသော ဘေးအန္တရာယ်များအတွက် အကာအကွယ်များကို တွဲဘက်၍ ရယူနိုင်ပါသည်။

- အဓိကရုဏ်း၊ သပိတ်မှောက်ခြင်းနှင့် မသမာဖျက်ဆီးမှု
- မြေငလျင်ကြောင့်မီးလောင်ခြင်း၊ ပြိုအက်ပျက်စီးခြင်း
- ပေါက်ကွဲပျက်စီးမှု
- အလိုအလျောက်မီးစွဲလောင်မှု
- လေပြင်းမုန်တိုင်းအမျိုးမျိုး
- ရေကြီးခြင်း၊ ရေလျှံခြင်း
- လေယာဉ်ဖြင့် ထိခိုက်ပျက်ဆီးခြင်း
- ကုန်းလမ်းသွားယာဉ်များဖြင့် ထိခိုက်ပျက်ဆီးခြင်း
- မြေကျွံ၊ မြေပြိုခြင်း
- ဖောက်ထွင်းခိုးယူခြင်း
- စစ်ဘေးအန္တရာယ်

**အင်ဂျင်နီယာအာမခံ**

**၁။ ကန်ထရိုက်တာအလုံးစုံအန္တရာယ်အာမခံ**

ကန်ထရိုက်တာမှ တာဝန်ယူဆောက်လုပ်မည့် အဆောက်အအုံအတွက် တည်ဆောက်သည့် ပစ္စည်းများ တည်ဆောက်သည့်နေရာသို့ ရောက်ရှိချိန်မှ တည်ဆောက်ပြီးစီးသည့် အချိန်အထိ ပျက်စီး ဆုံးရှုံးမှုကို အကာအကွယ်ပေးသောအာမခံ ဖြစ်ပါသည်။ ဒီဇိုင်းများမှုကြောင့် ပျက်စီးမှုကို လျော်ကြေး မပေးပါ။ လုပ်ငန်းအပ်နှံမှုစာချုပ်ပါ တန်ဘိုးအတိုင်း အာမခံထားနိုင်ပါသည်။

လုပ်ငန်းခွင်တွင် အသုံးပြု သည့် စက်ပစ္စည်းများ၊ ကရိယာများတန်ဘိုးကိုလည်း အာမခံထားငွေတွင် ထပ်၍ထည့်နိုင်ပါသည်။ အာမခံသက်တမ်းကို အနည်းဆုံး (၃)လမှ အများဆုံး (၅)နှစ်ထိ ထားရှိနိုင်ပြီး ပရီမီယံနှုန်းသည် အနည်းဆုံး ဝ.၁၅% မှ အများဆုံး ဝ.၅၁၈% အတွင်းဖြစ်ပါသည်။

**၂။ တည်ဆောက်မှုအလုံးစုံအန္တရာယ်အာမခံ**

အဆောက်အအုံတည်ဆောက်ရန် ပစ္စည်းများ တည်ဆောက်မည့်နေရာသို့ ရောက်ရှိချိန်မှ စက်တည်ဆောက်ဆဲကာလ၊ စက်တပ်ဆင်ပြီး စမ်းသပ်လည်ပတ်သည့်ကာလအထိ အကာအကွယ်ပေးသော အာမခံအမျိုးအစားဖြစ်သည်။ ဒီဇိုင်းမှားမှုကြောင့် ပျက်စီးမှုကို လျော်ကြေးမပေးပါ။ စမ်းသပ်ကာလကို (၂) ပတ်ထိ အကာအကွယ်ပေးပါသည်။ အာမခံသက်တမ်းကို အနည်းဆုံး (၃)လမှ အများဆုံး (၅)နှစ်ထိ ထားရှိနိုင်ပြီး ပရီမီယံနှုန်းသည် အနည်းဆုံး ဝ.၁၅% မှ အများဆုံး ဝ.၅၁၈% အတွင်းဖြစ်ပါသည်။

**၃။ စက်ပစ္စည်းအာမခံ**

စက်ပစ္စည်း သို့မဟုတ် စက်ယန္တရားများ အသုံးပြုနေစဉ် ချို့ယွင်းမှု၊ စံချိန်စံညွှန်းမမီမှု၊ ဒီဇိုင်းမှားယွင်းမှု၊ အလုပ်သမားများ မကျွမ်းကျင်ခြင်း၊ မသမာခြင်းကြောင့် ပျက်စီးဆုံးရှုံးခြင်း၊ လျှပ်စစ်ဓါတ်အား ချို့ယွင်းမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများကို အကာအကွယ်ပေးသော အာမခံအမျိုးအစား ဖြစ်ပါသည်။ ပရီမီယံနှုန်းသည် ဝ.၃% မှ ဝ.၄% အတွင်းဖြစ်ပါသည်။

**အမျိုးမျိုးအာမခံ**

**၁။ သမာဓိအာမခံ**

နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် လုပ်ငန်းများတွင် ငွေကြေးကိုင်တွယ်ရန် တာဝန်ပေးအပ်ခြင်း ခံရသူကြောင့် ငွေကြေးပျောက်ဆုံးခြင်း၊ အလွဲသုံးစားပြုခံရခြင်းကြောင့် နစ်နာဆုံးရှုံးမှုကို အာမခံထားခြင်း ဖြစ်ပါသည်။ အာမခံသက်တမ်း(၁)နှစ် ဖြစ်ပါသည်။ နိုင်ပိုင်ဝန်ထမ်းများအတွက် ပရီမီယံနှုန်း ၁%၊ သမဝါယမဝန်ထမ်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများမှ ဝန်ထမ်းများအတွက် ၂% ဖြစ်ပါသည်။

**၂။ ငွေသားလုံခြုံမှုအာမခံ**

နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် လုပ်ငန်းများတွင် ငွေကြေးကို လုပ်ငန်းတည်ရှိရာနေရာတွင် ရုံးပိတ်ရက်အပါအဝင် သိမ်းဆည်းထားသည့်ငွေကြေးများ ဖောက်ထွင်းခိုးယူခံရမှုကြောင့် နစ်နာဆုံးရှုံးမှု ကို အာမခံထားခြင်းဖြစ်ပါသည်။ အာမခံသက်တမ်း (၁) ရက်မှ (၁) နှစ်ဖြစ်ပါသည်။ အစိုးရနှင့် ပုဂ္ဂလိက ဘဏ်များအတွက် ဝ.၂% မှ ဝ.၅% ဖြစ်ပါသည်။ သမဝါယမနှင့် ပုဂ္ဂလိကလုပ်ငန်းများအတွက် ဝ.၅% မှ ၁% ဖြစ်ပါသည်။

### ၃။ ငွေပို့ငွေသယ်အာမခံ

နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် ငွေကြေးကို တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်စဉ် လုယက်ခံရခြင်း၊ ခိုးယူခံရခြင်းကြောင့် နစ်နာဆုံးရှုံးမှုကို အာမခံထားခြင်း ဖြစ်ပါသည်။ အာမခံထားငွေမှာ တစ်ကြိမ်သယ်ယူမည့်ငွေ ဖြစ်ပါသည်။ သယ်ယူသည့် ခရီးအကွာအဝေးမိုင်ပေါ်တွင် ပရီမီယံ သတ်မှတ်ထားပြီး လျော့ပေါ့ပေးသည့် သတ်မှတ်ချက်များအရ လျော့ပေါ့နှုန်းများဖြင့် ပရီမီယံ တွက်ချက်ပါသည်။ ပရီမီယံနှုန်းမှာ အနည်းဆုံး ၀.၂% မှ အမြင့်ဆုံး ၁% ဖြစ်ပါသည်။

### ၄။ ဖောက်ထွင်းခိုးယူမှုအာမခံ

ပစ္စည်းများ ဖောက်ထွင်းခိုးယူခံရမှုကြောင့် ဆုံးရှုံးမှုကို အာမခံထားခြင်းဖြစ်ပါသည်။ မီးအာမခံနှင့် လည်း တွဲဘက်ထားနိုင်ပါသည်။ အမိုး၊ အကာ၊ အခင်း၊ တံခါး၊ ပြူတင်းပေါက်များကို ဖျက်ဆီး၍သော် လည်းကောင်း၊ သော့ခလောက်ကို ဖျက်ဆီး၍လည်းကောင်း ဝင်ရောက်၍ ခိုးယူထားခြင်းဖြစ်ရပါမည်။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်ထားရပါမည်။ ပရီမီယံနှုန်းကို အာမခံထားသည့်ပစ္စည်းများ ရှိသည့် အဆောက်အအုံအမျိုးအစားပေါ်တွင် နှုန်းသတ်မှတ်ထားခြင်းဖြစ်ပါသည်။ အနိမ့်ဆုံး ၀.၂၅% မှ အမြင့်ဆုံး ၁% ဖြစ်ပါသည်။

### ၅။ ကိုယ်အင်္ဂါထိခိုက်မှုနှင့်ရောဂါဘယအာမခံ

အသက် ၁၆ နှစ်မှ ၆၀ နှစ် အထိ ကျန်းမာရေးကောင်းမွန်သူ မည်သူမဆို အာမခံထားနိုင်ပါသည်။ အာမခံထားရန် အဆိုပြုရာတွင် မတော်တဆမှုကြောင့် သေဆုံးခြင်း၊ ဒဏ်ရာရခြင်း နှင့် အဆိုလွှာပါ ရောဂါ ၅၅ မျိုးကြောင့် ဆေးကုသမှု အကာအကွယ်အတွက် Table A ၊ သေဆုံးခြင်းနှင့် ဒဏ်ရရရှိမှုအတွက် Table B၊ သေဆုံးမှုတစ်မျိုးကိုသာ ထားရှိခြင်းနှင့် အသက် ၆၀ နှစ်နှင့်အထက် အာမခံထားရှိသူများ အတွက် Table D တို့ကို အာခံထားသူမှ ရွေးချယ်နိုင်ပါသည်။ အာမခံသက်တမ်း ၁လ၊ ၃ လ၊ ၆ လ၊ ၁ နှစ် ထားနိုင်ပါသည်။ အမြင့်ဆုံး အာမခံထားငွေကို ပြည်တွင်းနေ နိုင်ငံသားများအတွက် ကျပ် ၂၀၀၀၀၀၀၀၊ အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ ပြည်တွင်းနေ နိုင်ငံခြားသားများအတွက် အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ ပြည်ပသို့ သွားရောက်ရာတွင် အာမခံထားရှိလိုသည့် နိုင်ငံသား/နိုင်ငံခြားသားများအတွက် အမေရိကန် ဒေါ်လာ ၅၀၀၀၀ ဖြင့် အာမခံထားရှိနိုင်ပါသည်။ ပရီမီယံတွက်ရာတွင် အာမခံထားသူ၏ အလုပ်အကိုင်ပေါ်တွင် အတန်းအစား(Class)၃ မျိုးခွဲ၍ သတ်မှတ်ထားသည့် နှုန်းထားဇယားပါ နှုန်းများဖြင့် တွက်ပါ သည်။ Class 1 သည် လုပ်ငန်းခွင် အန္တရာယ်အလွန်နဲပါးသူ ၊ Class 2 လုပ်ငန်းခွင်တွင် သွားလာမှုများပြီး ကြီးကြပ်တာဝန်ယူရသူများ၊ Class 3 သည် လုပ်ငန်းခွင်တွင် အန္တရာယ်ဖြစ်နိုင်ချေရှိသော လုပ်ငန်းလုပ်ကိုင်သူ ဖြစ်ပါသည်။ ပရီမီယံနှုန်းထားဇယားကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။

**၆။ အလုပ်သမားလျော်ကြေးအာမခံ**

အလုပ်သမားဥပဒေအရ နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် အလုပ်ရှင်များမှ အလုပ်သမားများ တာဝန်ထမ်းဆောင်နေစဉ် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း အတွက် ထားရှိပေးသော အာမခံအမျိုးအစားဖြစ်သည်။ အာမခံသက်တမ်း ၁ နှစ်ဖြစ်ပါသည်။ ပရီမီယံကို အလုပ်သမား၏ တစ်နှစ်စာ ဝင်ငွေပေါ်တွင် ၂ % ဖြင့်တွက်ပါသည်။

**ပေးလျော်ရန်တာဝန်ရှိမှုအာမခံ**

**၁။ မြေသယ်ဇာတတူးဖော်ရေးလုပ်ငန်းရှင်များတာဝန်ရှိမှုအာမခံ**

အသက် ၁၈ နှစ်မှ ၆၀ နှစ်အတွင်း ထားရှိနိုင်ပါသည်။ အာမခံထားငွေကို တစ်ယူနစ်လျှင် ကျပ် ၅ သိန်းဖြင့် အများဆုံး ၅ ယူနစ်အထိ ထားနိုင်ပါသည်။ သေဆုံးပါက အာမခံထားငွေကို ရရှိနိုင်ပြီး ဒဏ်ရာ ရပါ က အများဆုံး အာမခံထားငွေ၏ ၈၀%အထိ ပေးလျော်ပါသည်။ ပရီမီယံ မှာ တစ်ယူနစ်လျှင် ကျပ် ၃၅၀၀ ၊ ၁ နှစ် သက်တမ်းဖြစ်ပါသည်။

**၂။ သူတစ်ပါးထိခိုက်မှုနှင့်အထွေထွေအလုံးစုံပေးရန်တာဝန်ရှိမှုအာမခံ**

လုပ်ငန်းရှင်များ၊ ကန်ထရိုက်တာများမှ လုပ်ငန်းခွင်အတွင်း မိမိအလုပ်သမားကြောင့် သော်လည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်၍သော်လည်းကောင်း၊ မတော်တဆမှုကြောင့် အခြားသူ များ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် အခြားသူများ၏ ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်းအတွက် ဥပဒေအရ ပေးလျော်ရန် တာဝန်ရှိသည့် တာဝန်ကို အာမခံထားခြင်းဖြစ်ပါသည်။ အမြင့်ဆုံး တာဝန်ယူလို ပမာဏကို ဖော်ပြအဆိုပြု နိုင်ပါသည်။ ဖြစ်ရပ်တစ်ခုအတွက် တစ်ဦး သေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ ပစ္စည်းပျက်စီးခြင်းတို့အတွက် အမြင့်ဆုံးပေးလျော်မည့် တာဝန်ယူမှုကို သတ်မှတ်ထားပါသည်။ အမေရိကန်ဒေါ်လာဖြင့်လည်း အာမခံ ထားနိုင်ပါသည်။ တာဝန်ယူသည့် ပမာဏအတွက် ပရီမီယံနှုန်းသတ်မှတ်ချက်များ သတ်မှတ်ထားပါသည်။ ကျပ်ငွေဖြင့် ကျပ်သန်း ၂၀ မှ ကျပ်သန်း ၂၅၀၀ အထိနှင့် အမေရိကန်ဒေါ်လာဖြင့် USD 20000 မှ UAD 2500000 အထိ အဆိုပြုနိုင်ပါသည်။ ပရီမီယံနှုန်း ၀.၂ % မှ ၀.၄၅% အတွင်း ဖြစ်ပါသည်။

**အပ်ငွေအာမခံ**

ပြည်သူလူထုအနေဖြင့် ပုဂ္ဂလိကဘဏ်များတွင် အပ်နှံငွေများ ဆုံးရှုံးမှုမရှိစေရန်နှင့် ဘဏ်များ အပေါ် အများပြည်သူ၏ ယုံကြည်မှုတိုးတက်၍ ဘဏ်အပ်ငွေများပြားကာ ဘဏ်များ၏ ငွေ ထုတ်ချေး နိုင်စွမ်းမြင့်တက်ပြီး ဘဏ်၏ ဝင်ငွေတိုးတက်စေရန် ရည်ရွယ်၍ အပ်ငွေအာမခံလုပ်ငန်းကို ၁.၁၀.၂၀၁၁ မှစ၍ လက်ခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အပ်ငွေစာရင်းရှင်တစ်ဦးလျှင် ကျပ် ၁ သိန်းမှ ၁၀ သိန်း အထိ ရှိသူများအတွက် ဘဏ်မှ အာမခံထားပေးခြင်းဖြစ်ပါသည်။ ပရီမီယံနှုန်းမှာ ၀.၁၂% ဖြစ်ပါသည်။ ဘဏ်မှ လူမွဲစာရင်းအဖြစ် ခံယူချိန်တွင် အပ်ငွေအာမခံထားသူများအတွက်

အာမခံထားငွေ၏ ၆၀% ကို ဘဏ်မှတစ်ဆင့်ဖြစ်စေ၊ အပ်ငွေစာရင်းရှင်သို့ တိုက်ရိုက်ဖြစ်စေ မြန်မာအာမခံလုပ်ငန်းမှ လျော်ကြေးထုတ် ပေးပါသည်။

**ချေးငွေအာမခံ**

အသေးစားနှင့် အလတ်စားစီးပွါးရေးလုပ်ငန်းရှင်များ၏ စီးပွါးရေးလုပ်ငန်းများ တိုးတက်စေရန် ဘဏ်ချေးငွေရယူသည့်အခါ ဘဏ်များအနေဖြင့် ဆုံးရှုံးမှုကို အကာအကွယ်ရယူ၍ ချေးငွေထုတ်ချေးနိုင်ရန် ရည်ရွယ်၍ ၂၀၁၅ ခုနှစ်မှ စတင်အကောင်အထည်ဖေါ် ဆောင်ရွက်ခဲ့ပါသည်။ ပရီမီယံနှုန်းအနေဖြင့် အပေါင် ပစ္စည်းဖြင့် ချေးခြင်းအတွက် ပထမနှစ်တွင် ၂% ၊ ဒုတိယနှစ်တွင် ၁.၅%၊ တတိယနှစ်တွင် ၁% ဖြစ်ပါ သည်။ အပေါင်ပစ္စည်းမဲ့ဖြင့် ချေးခြင်းအတွက် ပထမနှစ်တွင် ၃% ၊ ဒုတိယနှစ်တွင် ၂.၅% ၊ တတိယနှစ် တွင် ၂% ဖြစ်ပါသည်။

**တစ်ဆင့်အာမခံ**

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်နေသောလုပ်ငန်းများကို တစ်ဆင့်အာမခံအကျိုးဆောင် ကုမ္ပဏီများမှ တစ်ဆင့် နိုင်ငံတကာတစ်ဆင့်အာမခံဈေးကွက်တွင် ပိုလွန်ဆုံးရှုံးမှုစာချုပ်စနစ် (excess of loss treaty) ဖြင့် တစ်ဆင့်အာမခံထားရှိပါသည်။ မြန်မာ့အာမခံလုပ်ငန်းမှ နိုင်ငံခြားငွေဖြင့် လက်ခံဆောင်ရွက်သည့်လုပ်ငန်းများတွင် အာမခံထားငွေ USD 8 million အထိ ဖြစ်ပါက မြန်မာ့အာမခံမှ အချိုးဝေစု ၃၀% နှင့် အာမခံထားငွေ 8 million ထက်ကျော်ပါက USD 2.5 million နှင့်ညီမျှသော အချိုးဝေစုရာခိုင်နှုန်း တစ်ခုအထိ တာဝန်ယူပြီး တစ်ဆင့်အာမခံ ပရီမီယံပေါ်တွင် fronting commission 15% ရယူ၍ နိုင်ငံခြားတွင် တဆင့်အာမခံထားရှိပါသည်။